

# ဂျပန်တက္ကသိုလ်များမှ ဘွဲ့လွန်သင်တန်းသားများ မြန်မာနိုင်ငံသို့ လေ့လာရေးခရီး လာရောက်

ဂျပန်နိုင်ငံ Nagoya University Graduate School of Medicine နှင့် Graduate School of Health Sciences တို့မှ Dr.Midori ASANO (Professor of Nursing) ဦးဆောင်သော အဖွဲ့တို့သည် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လေ့လာရေးခရီး ရောက်ရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်မှ ၂၄ ရက်နေ့တွင် ရောက်ရှိခဲ့ကာ အဆိုပါ ခရီးစဉ်တွင် နေပြည်တော်ရှိ စမတောင်ပေါ်မှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်ရှိ Migidatharsi ဘုန်းတော်ကြီးသင် စာသင်ကျောင်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းခွင်များသို့ လေ့လာရေး ခရီး ရောက်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ၌ မြန်မာနိုင်ငံသို့ ထပ်မံ၍ "Oversea Training" လေ့လာရေးခရီးစဉ်ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါခရီးစဉ်မှာ "Women Leaders Program to Promote Well-being in Asia" ဂျပန်နိုင်ငံ၊ Ministry of Education, Culture Sports, Science and Technology (ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၏ ထောက်ပံ့မှုဖြင့် ၂၀၁၃ ခုနှစ်တွင် Program for Leading Graduate School ၏ အစီအစဉ်တစ်ခုအဖြစ် စတင်ခဲ့သော အစီအစဉ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်တာ ဘွဲ့လွန်သင်တန်းများဖြစ်ကြသည့် မဟာသိပ္ပံနှင့် ပါရဂူသင်တန်းများမှ ဘွဲ့လွန်သင်တန်းသူ သင်တန်းသားများသည် အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်းများအပြင် ယခုအစီအစဉ်တွင်ပါဝင် တက်ရောက်ရန်လိုအပ်ပြီး ယဉ်ကျေးမှုပေါင်းများစွာ ရောထွေးနေသည့် လူမှုအဖွဲ့အစည်းများပါဝင်သော အာရှဒေသအတွင်းရှိ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်ဖြစ်သည်။

Nagoya Universty, Well-being program မှ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမအကြိမ် လေ့လာရေးခရီး လာရောက်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မတ်လ၌ ဒုတိယအကြိမ် လာရောက်ခဲ့ကာ ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**Mar 21-25, 2017**

**Preliminary Visit to Myanmar**

To deeply discuss the possibility to conduct the Overseas Training Program in Myanmar in January 2018, four faculties visited Myanmar for the third time. In Nay Pyi Taw, the capital city, a Monastic School which is addressing environmental sustainability and self-sufficient in food production was observed. We promoted hygiene practices and physical exercise among 300 children. We could also observed local farm and comprehensive land use zone which is government-owned land in Yangon Region. Our last visit was featured in a local journal (Tomorrow news Journal, No.4, Vol.6 2017) in Myanmar as shown in the picture above.